# စည်းလုံးညီညာတိုင်းရင်းဆေးညီလာခံ

ဒေါ်နေနေနိုင်ရည်
လက်ထောက်ညွှန်ကြားရေးမှူး(ဖွံ့ဖြိုးရေးဌာနခွဲ)
တိုင်းရင်းဆေးပညာဦးစီးဌာန

**မေး။** ဆရာမမင်္ဂလာပါရှင်။

တိုင်းရင်းဆေးသမားတော်များညီလာခံကိုဘယ်နှစ်ခုနှစ်ကစတင်ခဲ့ပါသလဲရှင်။

ညီလာခံကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်များကိုသိလိုပါတယ်ရှင်။

**ဖြေ။** တိုင်းရင်းဆေးသမားတော်များညီလာခံကို ၂၀၀၀ ပြည့်နှစ်မှ စတင်ကာကျင်းပခဲ့တာ ဖြစ်ပါတယ်။ ညီလာခံရဲ့ ရည်ရွယ်ချက်တွေကတော့ မြန်မာ့တိုင်းရင်းဆေးလောကဘက်စုံ အဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ရေး၊ တိုင်းရင်းဆေး ဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ တိုင်းရင်းဆေးပညာဖြင့် ပြည်သူများကျန်းမာရေးကိုပို မိုစောင့်မှုပေးနိုင်ရေးနှင့် အရည်အသွေးမြင့် မြန်မာ့တိုင်းရင်းဆေးဝါးများစနစ်တကျ ထုတ်လုပ် နိုင်ရေး ဆိုသောဦးတည်ချက်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးသမားတော် ကြီးများ၊ တိုင်းရင်းဆေးနှင့် နီးနွယ်သောပညာရှင်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များအားလုံး စည်းလုံးညီညွတ်စွာဖြင့် ကျင်းပလာကြခဲ့တာအခုဆိုရင် (၁၉)ကြိမ်မြောက် သို့ အောင်မြင်စွာရောက်ရှိလာကြပြီဖြစ်ပါတယ်။ တိုင်းရင်းဆေးညီလာခံပွဲကြီးဟာ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်ဒုတိယသမ္မတဦးမြင့်ဆွေကိုယ်တိုင် တက်ရောက်ချီးမြှင့်လေ့ရှိတဲ့ နိုင်ငံတော်အဆင့် ပွဲကြီးတစ်ခုလည်းဖြစ်တာကြောင့် ဆရာမတို့ရဲ့တိုင်းရင်းဆေးလောကအတွက် ဂုဏ်ယူဖွယ်ရာ ပွဲကြီးတစ်ပွဲလည်း ဖြစ်ပါတယ်ကွယ်။

**မေး။** အခုညီလာခံပွဲကိုဘယ်နှစ်ရက်လောက်ကျင်းပပြီးကျင်းပမယ့် နေရာကိုလည်းသိပါရစေရှင်။

**ဖြေ။** (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲကြီးကို နေပြည်တော်၊မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင် ဗဟိုဌာန(၂) (MICC-2)ခန်းမကြီးမှာ ဒီဇင်ဘာလ (၂၇၊၂၈၊၂၉)ရက်များတွင်နိုင်ငံတစ်ဝန်းမှ တိုင်းရင်းဆေးပညာရှင်များနဲ့ သက်ဆိုင်ရာ

နယ်ပယ်အသီးသီးမှ ပညာရှင်များအားလုံးဝိုင်းဝန်းပူးပေါင်းပြီး တခမ်းတနားကျင်းပမှာဖြစ်ပါတယ်။

**မေး။** (၁၉)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ နှီးနှောဖလှယ်ပွဲကို ညီလာခံကိုယ်စားလှယ်များတက်ရောက်ကြမယ်လို့ သိရပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြောပြပေးပါအုံးရှင်။

**ဖြေ။** အခု(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ နှီးနှောဖလှယ်ပွဲတင်မဟုတ်ပါဘူးနှစ်စဉ်နှစ်တိုင်းကျင်းပလေ့ရှိခဲ့တဲ့တိုင်းရင်းဆေးညီလာခံပွဲကြီးကို တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ မြန်မာ့တိုင်းရင်းဆေးဆရာအသင်းဝင်များ၊ ပြင်ပမှ ရွက်ပုန်းသီးတိုင်းရင်းဆေးပညာရှင်များ၊ တိုင်းရင်းဆေးတက္ကသိုလ်မှဆရာကြီး/ဆရာမကြီးများ၊ ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ရုက္ခဗေဒပညာရှင်များ၊ ဓာတုဗေဒပညာရှင်များ၊ အသိပညာရှင်/အတတ်ပညာရှင်များအားလုံး တက်ရောက်ကြပြီးတိုင်းရင်းဆေးပညာဦးစီးဌာနနဲ့အတူခြေလှမ်းညီညီရှေ့သို့ချီကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့်အောင်မြင်ခဲ့ရခြင်းဖြစ်ပါတယ်။

**မေး။** ညီလာခံနဲ့ပတ်သက်လို့ ရရှိနိုင်တဲ့အကျိုးကျေးဇူးတွေကိုလည်းပြောပြပေးပါအုံးရှင်။

**ဖြေ။** တိုင်းရင်းဆေးညီလာခံနဲ့ဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများကျင်းပပေးခြင်းဟာ တိုင်းရင်းဆေးပညာရှင် ဆရာ/မကြီးများရဲ့အတွေ့အကြုံ၊ ဗဟုသုတများနဲ့ကုထုံးကုကွက်တို့ မဝှက်၊ ပညာကိုသေရွာသို့ ယူမသွားစတမ်းစတဲ့ မြင့်မြတ်သောခံယူချက်တွေကြောင့် သူတို့ရဲ့ ဘဝတစ်သက်တာအတွေ့အကြုံတွေဟာမျိုးဆက်သစ်လူငယ် တိုင်းရင်းဆေးပညာရှင်များအတွက် လက်ဆင့်ကမ်းအမွေအနှစ်များပေးရာ အကျိုးကျေးဇူးများလှသောပွဲကြီးတစ်ခုဖြစ်ပါတယ်။

**မေး။** (၁၉)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ နှီးနှောဖလှယ်ပွဲမှာ အဆိုတင်သွင်း ထောက်ခံချက်တွေရှိတယ်လို့သိရပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ပြောပြပေးပါအုံးရှင်။

**ဖြေ။** (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနဲ့ နှီးနှောဖလှယ်ပွဲရဲ့ညီလာခံရက်မှာ အဆို/အထောက်(၄)ခုကိုတင်သွင်းထောက်ခံသွားကြမှာဖြစ်ပါတယ်။ ညီလာခံကတင်သွင်းထောက်ခံသွားတဲ့အဆိုတွေဟာတိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ လုပ်ငန်းလမ်းညွှန်တွေပဲဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့နှစ်က(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံမှာမြန်မာ့တိုင်းရင်းဆေးလောကကြီးတိုးတက်ရန်အလို့ငှာတိုင်းရင်းဆေးပညာရပ်ဝန်းမှ

ပညာရှင်များသာမက သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များအားလုံးစည်းစည်းလုံးလုံးနှင့် ဆွေးနွေးခဲ့သောအဆို/အထောက်(၅)ချက်ကိုလက်ရှိအချိန်တွင် တိုင်းရင်းဆေးပညာဦးစီးဌာနအပြင် ပြင်ပမှ တိုင်းရင်းဆေးပညာရှင်များအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေတာကိုလည်း ပြန်လည်သုံးသပ်ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။

**မေး။** ဆရာမအနေနဲ့ တိုင်းရင်းဆေးညီလာခံတွေနဲ့ပတ်သက်ပြီးဖြည့်စွက်ပြောချင်တာလေးတွေရှိရင်လည်းပြောပေးပါအုံးရှင်။

**ဖြေ။** ဟုတ်ကဲ့ပါ။ ညီလာခံတွေနဲ့ပတ်သက်ပြီးဖြည့်စွက်ပြောရမယ်ဆိုရင် နိုင်ငံတော်မှလည်း တိုင်းရင်းဆေးညီလာခံတွေပြုလုပ်ကျင်းပပြီးအဖိုးထိုက်တန်လှတဲ့ မြန်မာတို့ရဲ့ရိုးရာ အမွေအနှစ်တိုင်းရင်းဆေးပညာကိုမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ဖို့၊ အစွမ်းထက်ပြီး ဘေးအန္တရာယ်ကင်းတဲ့ စျေးနှုန်းသင့်တင့်ချိုသာသော တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားရန် လိုလားလျက်ရှိပြီးအားပေးတိုက်တွန်းမှုများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ နိုင်ငံတော်နဲ့တိုင်းရင်းဆေးကိုအားပေးကြသောပြည်သူလူထု၏ ကျေးဇူးကို တုန့်ပြန် သောအားဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးလောကသားများအားလုံးက တက်ညီလက်ညီနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြဖို့အရေးကြီးလှပါတယ်။ အခုကျင်းပမယ့် (၁၉)ကိုကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးတွင်နိုင်ငံတော်အစိုးရရဲ့ စေတနာကိုတုံ့ပြန်တဲ့အနေနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ တိုင်းရင်းဆေး ပညာရှင်များ၊ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးနှင့်နီးနွယ်အဖွဲ့အစည်းအားလုံး၊ ပညာရှင်များအားလုံးမှ (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနဲ့ နီးနှောဖလှယ်ပွဲကြီးကို မပျက်မကွက်တက်ရောက်၍ မြန်မာ့တိုင်းရင်းဆေးလောကကြီး တိုးတက် အောင် လက်တွဲညီညီနဲ့ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ ဆရာမအနေနဲ့ တိုက်တွန်းပြောကြား လိုပါတယ်ကွယ်။